# တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၇၁ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း  ၁၁  ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ  ၂၂  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ဂ ) **တိရစ္ဆာန်ဆေးကုဆရာဝန်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် တိရစ္ဆာန်ဆေးပညာဘွဲ့ရရှိသူကို ဆိုသည်။"

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( င ) **တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာ** ဆိုသည်မှာ တိရစ္ဆာန်ဆေးပညာနှင့်ဆက်နွယ်သည့် တိရစ္ဆာန်အစားအစာ၊ ဆေးဝါးနှင့်မွေးမြူရေးဆိုင်ရာတို့အတွက် အထောက်အကူပြုသည့် အတတ်ပညာကို ဆိုသည်။"

( ခ ) ပုဒ်မခွဲ (င) ကို ပုဒ်မခွဲ (စ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပါရှိသော "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ကို "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပါရှိသော "မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "(၃) ကြိမ်" ဆိုသည့် စကားရပ်ကို "နှစ်ကြိမ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( င ) စိတ်ပေါ့သွပ်ခြင်း၊ သေဆုံးခြင်း၊"

(ခ) ပုဒ်မခွဲ (င) ၏ နောက်၌ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။"

၈။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) နိုင်ငံတော်ကအပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဘွဲ့လွန်များ၊ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာအတွက် ပေးအပ်သောဘွဲ့နှင့် ဘွဲ့လွန်များကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် ဆောင်ရွက်ခြင်း၊"

၉။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့ သို့မဟုတ် အလားတူဘွဲ့ ရရှိသူ၊

(ခ) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့ နှင့်အလားတူဘွဲ့ရရှိသူ။"

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ်အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံခြားသားသည် အောက်ပါအရည်အချင်းတစ်ရပ်ရပ်နှင့်ကိုက်ညီပါက မှတ်ပုံတင်ခွင့်ပြုရန် ကောင်စီသို့ လျှောက်ထားရမည်-

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့်အလားတူဘွဲ့ ရရှိသူ၊

(ခ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့်အလားတူ ဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော အရည်အချင်းစစ် စာမေးပွဲကို အောင်မြင်သူ။"

၁၁။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(က) ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (က) ပါ "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ကို "ငွေဒဏ် ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ခ) ပါ "ထောင်ဒဏ် ၃ နှစ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၃၀၀၀၀" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ် သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၆ ပါ"ထောင်ဒဏ် ၁ နှစ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၁၀၀၀၀" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ် သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်